# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 2, 2024 Volume 80, Number 2

၂.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၂၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၀.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၁.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၃၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၉၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မန္တလေးဈေးကွက်၌ ပတ္တမြားငမောက်သရက်သီးများ တစ်လုံးလျှင် ငွေကျပ် ၁၃၀၀ ထိဈေးရရှိနေ



မန္တလေးတိုင်းဒေသကြီးအတွင်း ယခုစတင်ထွက်ရှိလာသည့် ပတ္တမြားငမောက်သရက်သီးများ မန္တလေးဈေးကွက်၌ တစ်လုံးလျှင် ငွေကျပ် ၁၃၀၀ ထိ ဈေးရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူးဦးကျော်စိုးနိုင်က ပြောပြ၍သိရသည်။

ပတ္တမြားငမောက်သရက်သီးများသည် ယခုစပေါ်လာပြီး ဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း ပတ္တမြားငမောက်သရက်သီးများသည် လှိုင်လှိုင် ထွက်ရှိမှု မရှိသေးဘဲ အနည်းငယ်သာထွက်ရှိသေးကြောင်း၊ ယခုစထွက်လာပြီး ဈေးကွက်အတွင်း ဝင်ရောက်လာချိန်တွင် မန္တလေးလက်လီဈေးကွက်၌ တစ်လုံးလျှင် ငွေကျပ် ၁၃၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်မှာ ပတ္တမြားငမောက်သရက်သီးက တစ်လုံးကို ငွေကျပ် ၁၃၀၀ ထိ ရကြပါတယ်။ ပတ္တမြားငမောက် သရက်သီးတွေက ပေါပေါများများတော့ မထွက်သေးပါဘူး။ အခုမှစတင်ထွက်ရှိလာပြီး ဈေးကွက်ထဲဝင်ရောက်လာတာပါ။ ကျန်တဲ့ အသီးတွေကတော့ ရာသီကုန်ချိန်ရောက်ရှိနေပါပြီ။ ပတ္တမြားငမောက်သရက်သီး တွေကတော့ စထွက်လာချိန်မှာပဲ ပြည်တွင်းလက်လီဈေးကွက်မှာ ဈေးကောင်းရရှိနေ ပါတယ်။ ပြည်တွင်းဈေးကွက်မှာ အလုံးလိုက်ပဲရောင်းတာတွေ့ရတယ်။ ဈေးကွက် မှာတော့ အလုံးအရွယ်အစားပေါ်မူတည်ပြီး ရောင်းချကြပါတယ်။ အလုံးသန့်ရင်သန့်

သလို ဈေးကောင်းရပါတယ်” ဟု မြန်မာသရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သရက်စိုက်ဧကပေါင်း ၃၅,၀၀၀ ကျော်ရှိကြောင်း သရက်အမျိုးအစားပေါင်းအနေဖြင့် ၁၈၀ ကျော်ရှိပြီး စိန်တလုံးသရက်သီးစိုက်ပျိုးသည့်အပြင် ရင်ကွဲ၊ ရွှေဟသ်ာ၊ မချစ်စု၊ မယ်သီ၊ ပတ္တမြားငမောက်သရက်သီးများကိုလည်းစိုက်ပျိုးကြကြောင်း၊ လက်ရှိအချိန်တွင် ပတ္တမြားငမောက်သရက်သီးများကို ပြည်တွင်းဈေးကွက်အတွင်း၌ ရောင်းချနေကြောင်း၊ မြန်မာသရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ သိရသည်။

Source: **ရတနာပုံနေ့စဉ်သတင်းစာ**

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်မတ်ပဲ အရောင်းအဝယ်ကောင်းလျက်ရှိ

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်မတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ပဲ၊ ပြောင်း၊ နှမ်းစသည့် ကုန်စည်များထဲတွင် ယခင်က ကုလားပဲနှင့်မတ်ပဲအမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ လက်ရှိတွင် ကုလားပဲနှင့်မတ်ပဲအမျိုးအစားများကို ကုန်သည်များက ဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာလည်း ပြန်လည်ကောင်းမွန်လာကြောင်းသိရသည်။

“မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနှင့်မတ်ပဲတွေ အရောင်းအဝယ်ပြန်ဖြစ်နေတဲ့အပြင် အခြား ဂျုံ ၊ တရုတ်ပဲကြီးစတဲ့ ကုန်စည်တွေလဲ ဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ပြီးကောင်းနေတယ်။ ကျန်တဲ့ ပြောင်း၊ ပဲတီစိမ်းစတဲ့ကုန်စည်တွေကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်” ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း (၁-၇-၂၀၂၄) ရက်နေ့ ပေါက်ဈေးအရ ကုလားပဲ (V 2) သုံးတင်ဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၂,၀၀၀ ၊ ကုလားပဲ (V 7) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀ ၊ ကုလားပဲ (TW) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၆,၀၀၀ ၊ ကုလားပဲ(929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၂,၀၀၀ ၊ မတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၅,၀၀၀ ထိပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

Source: **ရတနာပုံနေ့စဉ်သတင်းစာ**

## အထက်မင်းလှမြို့နယ်တွင် ကွမ်းသီးဈေးနှုန်းတည်ငြိမ်ပြီး ကွမ်းရွက်ဈေးနှုန်းကျဆင်းလျက်ရှိ



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အထက်မင်းလှမြို့နယ်တွင် ကွမ်းရွက်များကို ဧရာဝတီတိုင်းဒေသကြီး၊ ကနောင်၊ မြန်အောင်၊ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်း၊ ပေါင်းတလည်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တို့ရှိ ကွမ်းခြံများမှ တိုက်ရိုက်ဝယ်ယူရောင်းချကြောင်း၊ ကွမ်းသီးများကို ထားဝယ်မှတိုက်ရိုက်တင်ပို့သည့် ပြည်မြို့ရှိ ကွမ်းဒိုင်မှတစ်ဆင့် မှာယူရောင်းချကြောင်း၊ ကွမ်းစားထုံးကို မကွေးမှဝယ်ယူရောင်းချပြီး နပ်ဆေးနှင့်ဗမာဆေးကို မုံရွာနှင့်ပခုက္ကူမှ ဝယ်ယူရောင်းချကြောင်းသိရသည်။

မင်းလှမြို့နယ်တွင် ကွမ်းသီး၊ ကွမ်းရွက် လက်လီ/ လက်ကားရောင်းချသည့်ဆိုင် ၁၀ ဆိုင်ခန့်ရှိပြီး ကွမ်းစိမ်းနှင့်ကွမ်းရွက်ဝါ ၂ မျိုးရှိသည့်အနက် ကွမ်းရွက်ဝါကို ပို၍အစားများကြကြောင်း သိရသည်။ ကွမ်းရွက်ဈေးနှုန်းအနေဖြင့် ၂၀၂၄ ခုနှစ်၊ ဇွန်လ (စတုတ္ထပတ်)တွင် ကွမ်းရွက်ဝါ ၁ ပိဿာလျှင် ကွမ်းရွက်အကြီး၊ အသေးနှင့် ဝယ်ယူတင်သွင်းရသည့် နေရာဒေသအလိုက် ကျပ် ၁၀,၀၀၀-၁၂,၀၀၀၊ ကွမ်းသီးခြမ်း ၁ ပိဿာလျှင် ကျပ်၈၀၀၀၊ ကွမ်းသီးစိပ် ၁ ပိဿာလျှင် ကျပ် ၈၀၀၀၊ ကွမ်းစားထုံး ၁ လီတာ ၁ ဘူးလျှင် ကျပ် ၉၀၀-၁၀၀၀၊ ကွမ်းစားနပ်ဆေး ၁ ထုပ်လျှင် ကျပ် ၅၀၀-၆၀၀၊ ဗမာဆေး ၁ ထုပ်လျှင် ကျပ် ၄၀၀-၅၀၀

စသည့်ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

အရောင်းအဝယ်အနေဖြင့် ၁ ရက်လျှင် ကွမ်းရွက်ပိဿာချိန် ၁၀ ပိဿာနှင့်အထက်ရောင်းချရပြီး ကွမ်းသီး၊ ကွမ်းစိပ်မှာ ၅ ပိဿာမှ ၆ ပိဿာထိ ပုံမှန်ရောင်းချရကြောင်း၊ ကွမ်းသီးနှင့်အခြားကွမ်းပစ္စည်းဈေးနှုန်းများမှာ တည်ငြိမ်နေသော်လည်း ကွမ်းရွက်ဈေးနှုန်းမှာ ကွမ်းရွက်ထွက်ရှိရာဒေသများတွင် ကွမ်းရွက်များ လှိုင်လှိုင်ထွက်ပေါ်နေ၍ ကွမ်းရွက်ဈေးနှုန်းမှာ ဇွန်လ (တတိယပတ်)ထက် ယခု(စတုတ္ထပတ်)တွင် ကျပ် ၂၀၀၀-၄၀၀၀ ဈေးနှုန်းလျော့ကျ၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း အထက်မင်းလှ-သရက် ကားလမ်းဘေးရှိ ကွမ်းသီး၊ ကွမ်းရွက်ရောင်းချသည့် ကွမ်းဆိုင်ပိုင်ရှင်တစ်ဦးထံမှ သိရသည်။

**Source:** https://www.doca.gov.mm

## ယခုဘဏ္ဍာနှစ် နှစ်လကျော်ကာလအတွင်း ပြည်ပသို့စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၆၀၀ ကျော်ရရှိ

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်လကျော်ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၆၀၀ ကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၂၁ ရက်အထိ နှစ်လကျော်ကာလအတွင်း ပြည်ပသို့စက်မှုကုန်ချော တင်ပို့မှုအနေဖြင့် နိုင်ငံပိုင်မှ အမေရိကန် ဒေါ်လာ ၇၀၈ ဒသမ ၂ သန်းရရှိပြီး ပုဂ္ဂလိကပိုင်မှ အမေရိကန်ဒေါ်လာ ၉၅၇ ဒသမ ၆၀၂ သန်းရရှိသည့်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၆၆၅ ဒသမ ၈၀၂ သန်းရရှိထားသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုအနေဖြင့် နိုင်ငံပိုင်မှ အမေရိကန်ဒေါ်လာ ၇၅၂ ဒသမ ၆၀၅ သန်းရရှိပြီး ပုဂ္ဂလိကပိုင်မှ အမေရိကန်ဒေါ်လာ ၁၁၄၂ ဒသမ ၁၁၂ သန်း ရရှိသည့်အတွက် စုစုပေါင်းအမေရိကန် ဒေါ်လာ ၁၈၉၄ ဒသမ ၇၁၇ သန်း ရရှိခဲ့သည်။

ပြည်ပသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့်အခြားပို့ကုန်များတင်ပို့ရာ ယခုဘဏ္ဍာနှစ် နှစ်လကျော်ကာလအတွင်း ပို့ကုန်တင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၃၂၁၁ ဒသမ ၄၀၇ သန်းရရှိခဲ့ရာ ယင်းပို့ကုန်များထဲတွင် စက်မှုကုန်ချောတင်ပို့မှုမှ အများဆုံး ရရှိထားသည်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်တွင် စက်မှုကုန်ချောတစ်ခုဖြစ်သည့် ချုပ်ပြီးအထည်တင်ပို့မှုသည် ပထမနေရာ၌ရှိနေပြီး စက်မှုကုန်ချောပစ္စည်းများထဲတွင် ချုပ်ပြီးအထည်များအပြင် သကြား၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့စသည့်ပစ္စည်းများ တင်ပို့ခြင်းဖြစ်သည်။ ထို့ပြင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကိုလည်း တင်သွင်းကြောင်းသိရသည်။

**Source:** https://myawady.net.mm/

## ရေထွက်ပစ္စည်းတင်သွင်းခွင့် ယာယီပိတ်ထားမှုကို ထိုင်းနိုင်ငံဘက်က အကန့်အသတ်မရှိရွှေ့ဆိုင်း


ထိုင်းနိုင်ငံဘက်သို့ မြန်မာနိုင်ငံမှငါးများ စုစည်းတင်ပို့ရာ မြိတ်မြို့ ငါးလေလံဈေးကြီး။

တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန်ပစ္စည်း ၁၀ မျိုးကို ထိုင်းနိုင်ငံဘက်သို့ တင်သွင်းခွင့်ယာယီပိတ်ထားမှုကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ဆွေးနွေးမှုအရ ထိုင်းနိုင်ငံဘက်က အကန့်အသတ်မရှိ ပြန်လည်ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်ပိုင်းက မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံဘက်သို့ တင်သွင်းလျက်ရှိသည့် ရေထွက်ကုန်ပစ္စည်း ၁၀ မျိုး တင်သွင်းခွင့်ကို ဇူလိုင် ၁ ရက်မှစ၍ ဒီဇင်ဘာ ၃၁ ရက်အထိ ယာယီဆိုင်းငံ့လိုက်ကြောင်းကို ပရာကျွတ်ခီရီခံခရိုင်လက်ထောက်ခရိုင်ဝန်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်ထွက်ပေါ်လာပြီးနောက် မြိတ်မြို့သို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံဆိုင်ရာ

ထိုင်းသံအမတ်ကြီးအား တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာများက ဇွန် ၂၈ ရက်တွင် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

"မောတောင်-ဆင်းခွန်းနယ်စပ်ဂိတ်ကနေ ကင်းမွန်၊ ပလာတူး၊ ငါးမဲစတဲ့ ငါးတွေအပါအဝင် ရေထွက်ပစ္စည်း ၁၀ မျိုးကို တင်သွင်းခွင့်ယာယီဆိုင်းငံ့လိုက်ကြောင်း၊ ပရာကျွတ်လက်ထောက်ခရိုင်ဝန်က အစည်းအဝေးဆုံးဖြတ်ချက်အရဆိုပြီး ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ ဒီလိုဖြစ်စဉ်ကြောင့် မောတောင်ကုန်သွယ်မှုကျဆင်းသွားသလို မြိတ်ခရိုင်အတွင်းက ရေလုပ်ငန်းရှင်တွေ၊ ဒေသခံတံငါသည်တွေနဲ့ အအေးခန်းလုပ်ငန်းတွေအားလုံး ထိခိုက်သွားနိုင်ပြီး ဆက်စပ်နေတဲ့ အလုပ်သမားတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ဆုံးရှုံးသွားနိုင်ပါတယ်။ ဒီဆိုင်းငံ့ချက်ကို ဖြေလျှော့ပေးဖို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးကိုဆွေးနွေးခဲ့ရာမှာ ထိုင်းသံအမတ်ကြီးက ထိုင်းနိုင်ငံဘက်က သက်ဆိုင်ရာဌာနတွေကို ပြန်လည် မေးမြန်းခဲ့ပါတယ်။ ထိုင်းနိုင်ငံပရာကျွတ်ခီရီခံခရိုင် လက်ထောက်ခရိုင်ဝန်ကလည်း ယာယီဆိုင်းငံ့မှုကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာချက်ပြန်လည်ထုတ်ပြန်လိုက်ပါတယ်"ဟု အစည်းအဝေးတက်ရောက်ခဲ့သူတစ်ဦးကပြောကြား သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများ ဈေးကွက်ကို ထိုင်းနိုင်ငံ ရနောင်းမြို့မှ ချုပ်ကိုင်ထားသည်မှာ ဆယ်စုနှစ်လေးခုနန့်ရှိပြီဖြစ်ကာ ထိုင်းနိုင်ငံဘက်က ရေထွက်ပစ္စည်း ၁၀ မျိုး တင်သွင်းခွင့် ယာယီဆိုင်းငံ့လိုက်သည့် ဆုံးဖြတ်ချက်က မြန်မာ-ထိုင်းနှစ်နိုင်ငံကုန်သွယ်မှုကို လျော့ကျသွားစေနိုင်သလို မြိတ်-ပရာကျွတ်ခီရီခံ မောင်နှမမြို့တော် ချစ်ကြည်ရေးကိုလည်း အလေးထားသင့်ကြောင့် ထိုင်းသံအမတ်ကြီးကပြောကြားသည်။

မောတောင်-ဆင်းခွန်နယ်စပ်ဂိတ်မှ ရေထွက်ပစ္စည်းတင်ပို့နေသူ တစ်ဦးကလည်း "မြိတ်ဒေသက ရေထွက်ပစ္စည်းတွေကို မောတောင်-ဆင်းခွန် နယ်စပ်ဂိတ်ကနေ တင်သွင်းနေတာကို ထိုင်းနိုင်ငံ ရနောင်းမြို့က ငါးအဝယ်ဒိုင်တွေက မနှစ်မြို့ကြဘူး။ ဆင်းခွန်နယ်စပ်ဂိတ်ကနေ တရုတ်၊ ဗီယက်နမ်စတဲ့ ဈေးကွက်တွေကို တိုက်ရိုက်တင်ပို့လို့ရတဲ့အတွက် ဈေးကောင်းရပါတယ်။ ဥပမာ ကင်းမွန်တစ်ကီလိုကို ရနောင်းမှာ ရောင်းရင် ဘတ် ၁၀၀ အထိ ဈေးကွာနေတာ။ အဲဒါကြောင့် ရေထွက်ပစ္စည်းတွေကို မြန်မာဘက်ကနေတင်သွင်းတာ ရပ်ဆိုင်းပေးဖို့ လုပ်ဆောင်တာဖြစ်ပါတယ်။ အခု ပြန်လည်ဖွင့်ပေးမယ်ဆိုတော့ ရေလုပ်ငန်းရှင်တွေ၊ တံငါသည်တွေနဲ့ အလုပ်သမားတွေအတွက်ပါ ပြန်အဆင်ပြေသွားနိုင်တယ်"ဟု ပြောသည်။

ယခုနှစ် ဇွန် ၇ ရက်က ပြုလုပ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ တင်သွင်းခွင့်ဆိုင်းငံ့ခြင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အဆိုပါ ထုတ်ပြန်ခြင်းကို ရက်အကန့်အသတ်မရှိ ပြန်လည်ရွှေ့ဆိုင်းလိုက်ပြီဖြစ်သည့်အတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းမှ ထွက်ရှိသည့် ရေထွက်ပစ္စည်းများကို မောတောင်-ဆင်းခွန်နယ်စပ်ဂိတ်မှ ပုံမှန်အတိုင်း ဆက်လက်တင်ပို့နိုင်ပြီဖြစ်သည်။

Source: **မြန်မာ့အလင်းသတင်းစာ**

## ရုရှားသို့ တရုတ်မှဆန်တင်ပို့မှုပမာဏ မြင့်တက်

၂၀၂၄ ခုနှစ်၊ မေလတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရုတ်နိုင်ငံမှ ဆန်တင်ပို့မှုပမာဏသည် တန်ချိန် ၄၀၀၀ ရှိခဲ့ကြောင်း၊ ရုရှားနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုပိတ်ပင်ထားပြီးနောက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ တရုတ်နိုင်ငံ၏ တင်ပို့မှုသည် အမြင့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း နှစ်နိုင်ငံကုန်သွယ်မှုအချက်အလက်များက ဖော်ပြသည်။

ရုရှားတွင် ဆန်နှင့်ဆန်စပါးတင်ပို့မှု ယာယီတားမြစ်ချက်ကို Kuban ဒေသရှိ Fedorovsky ရေအားလျှပ်စစ်စက်ရုံ မတော်တဆမှုဖြစ်ပွားပြီးနောက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်တွင်စတင်ခဲ့ပြီး စားသုံးသူများအတွက် ဆန်ပြတ်လပ်မှုအန္တရာယ်ကိုရှောင်ရှားရန်နှင့် ကုန်ဈေးနှုန်းများတည်ငြိမ်စေရန်ရည်ရွယ်၍ ပို့ကုန်ကန့်သတ်ချက်အား အကြိမ်ကြိမ်သက်တမ်းတိုးခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်အထိ သက်တမ်းရှိခဲ့သည်။ မကြာသေးမီက ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် ယင်းတားမြစ်ချက်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ခြောက်လထပ်မံသက်တမ်းတိုးရန် အဆိုပြုထားကြောင်း သိရသည်။

ရုရှားသို့တရုတ်နိုင်ငံ၏ဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် တန်ချိန် ၂၀၀၀ ရှိခဲ့ရာမှ မေလတွင် နှစ်ဆတိုးတက်ခဲ့သည်။ ယမန်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်းတိုးလာခဲ့သည်။ ရုရှားသည် တရုတ်ဆန်စားသုံးမှုအများဆုံး

ထိပ်တန်း ၁၀ နိုင်ငံသို့ဝင်ရောက်ခဲ့ပြီး မေလတွင် တရုတ်သည်ရုရှားသို့ ဆန်တင်ပို့မှုအားလုံး၏ ၃ ရာခိုင်နှုန်းရှိသည်။ မေလတွင် တရုတ်သည် ပြည်ပသို့စုစုပေါင်းဆန်တန်ချိန် ၁၅၁,၆၀၀ ကို တင်ပို့ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံသို့ အဓိကဆန်တင်သွင်းခဲ့သည့် နိုင်ငံများမှာ အိန္ဒိယ(တန်ချိန် ၁၃၂,၇၈၀)၊ တရုတ်(တန်ချိန် ၂၄,၆၈၁)၊ ကာဇက်စတန်(တန်ချိန် ၂၈,၃၀၉)၊ ထိုင်း(တန်ချိန် ၂၁,၆၇၅) နှင့် တူကီရဲ(တန်ချိန် ၅,၆၂၉) တို့ဖြစ်ပါသည်။ ရုရှားနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသော ဆန်စပါးများသည် ဆန်လုံးတို(short grain rice)သာဖြစ်ပြီး ပြည်တွင်းစားသုံးရန်အတွက် လုံလောက်စွာထွက်ရှိသော်လည်း ဆန်လုံးရှည်(Long grain rice)သည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းနေရကြောင်း သိရသည်။

**Source : https://ria.ru/20240623/ris-1954814012.html**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာ အထွက်တိုးတက်သော်လည်း ပြည်တွင်းသုံးစွဲရန် လိုအပ်ချက်ရှိဆဲဖြစ်

အိန္ဒိယနိုင်ငံ Kottayam မြို့တွင် ကျင်းပခဲ့သော ရော်ဘာဘုတ်အဖွဲ့၏ ၁၈၇ ကြိမ်မြောက် အစည်းအဝေး၌ အမှုဆောင်ညွှန်ကြားရေးမှူး M Vasanthagesan က အိန္ဒိယနိုင်ငံ သဘာဝရော်ဘာကဏ္ဍ၏ လက်ရှိအခြေအနေကို တင်ပြချက်အရ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၌ ထုတ်လုပ်မှုတန်ချိန် ၈၇၅,၀၀၀ နှင့် သုံးစွဲမှုတန်ချိန် ၁,၄၂၅,၀၀၀ သို့ အသီးသီးတိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။



အဆိုပါ အစီရင်ခံတင်ပြစာတွင် အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာ ထုတ်လုပ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၌ စုစုပေါင်းတန်ချိန် ၈၅၇,၀၀၀ ရှိပြီး ယခင်ဘဏ္ဍာနှစ် ထုတ်လုပ်မှုတန်ချိန် ၈၃၉,၀၀၀ အပေါ် ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အဆိုပါကာလအတွင်း ပြည်တွင်း၌ သဘာဝရော်ဘာသုံးစွဲမှုမှာ တန်ချိန် ၁,၄၁၆,၀၀၀ ရှိပြီး ယခင်ဘဏ္ဍာနှစ်၌ သုံးစွဲခဲ့သော တန်ချိန် ၁,၃၅၀,၀၀၀ နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာ တင်သွင်းမှုမှာ ၄၉၂,၆၈၂ တန်ရှိပြီးနှင့် ပြည်ပသို့တင်ပို့မှုမှာ ၄၁၉၉ တန်ရှိသည်။ ယခင်ဘဏ္ဍာနှစ်၌ တင်သွင်းခဲ့သော သဘာဝရော်ဘာ ၅၂၈,၆၇၇ တန်နှင့်နှိုင်းယှဉ်ပါက တင်သွင်းမှု ကျဆင်းခဲ့သည်။ ယခုနှစ် မတ်လကုန်တွင် စိုက်ပျိုးသူများ၊ ပြုပြင်ထုတ်လုပ်သူများ၊ ကုန်သည်များနှင့် ကုန်ထုတ်လုပ်ငန်းရှင်များ၏ လက်ဝယ်ရှိ စုစုပေါင်းဘဏ္ဍာနှစ်ပိတ် သဘာဝရော်ဘာကုန်လက်ကျန်မှာ ၃၇၂,၀၈၅ တန်ခန့်ရှိမည်ဟုခန့်မှန်းရပြီး ၂၀၂၃ ခုနှစ် မတ်လကုန်ရှိ နှစ်ပိတ်လက်ကျန် ၄၄၂,၆၀၂ တန်ထက် လျော့နည်းမည်ဖြစ်ကြောင်းသိရသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ဒြပ်ပေါင်းရော်ဘာ(Compounded Rubber) တင်သွင်းမှုမှာ တန်ချိန် ၁၆၉,၈၂၀ တန်ဖြစ်ပြီး တင်ပို့မှုမှာ ၁၈,၀၆၉ တန်ရှိသည်။

အိန္ဒိယနိုင်ငံရော်ဘာဘုတ်အဖွဲ့နှင့် မော်တော်ယာဉ်တာယာထုတ်လုပ်သူများအသင်း (ATMA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်း (INROAD Project) အောက်တွင် ရော်ဘာစိုက်ဧရိယာ ၆၉,၃၀၇ ဟက်တာကို စိုက်ပျိုးထားပြီးဖြစ်ကြောင်းနှင့် ရေရှည်တည်တံ့သော သဘာဝရော်ဘာကဏ္ဍဖော်ဆောင်ရန် ကတိကဝတ်ပြုထားခြင်းကို သက်သေပြလုပ်ဆောင်မှုအဖြစ် ATMA အသင်းသည် အိန္ဒိယအရှေ့မြောက်ဒေသ၌ ၅ နှစ်အတွင်း ရော်ဘာဧရိယာ ဟက်တာ ၂ သိန်း စိုက်ပျိုးနိုင်ရေး ရူပီးငွေ ကုဋေ ၁၀၀၀ ကို ထည့်ဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source: The Hindu Business Line, 21 Jun 2024**

https://www.doca.gov.mm

## အိန္ဒိယအစိုးရ၏ ရက် ၁၀၀ စီမံချက်တွင် စားသုံးဆီဖူလုံရေးကိစ္စပါဝင်လာဖွယ်ရှိ

အိန္ဒိယအစိုးရက မကြာမီထုတ်ပြန်ကြေညာသွားဖွယ်ရှိသည့် ရက် ၁၀၀ စီမံချက်တွင် စားသုံးဆီဖူလုံရေးကိစ္စ ပါဝင်လာဖွယ်ရှိကြောင်းသိရသည်။ အဆိုပါအမျိုးသားစားသုံးဆီဖူလုံရေးစီမံချက်အရ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်တွင်းဆီထွက်သီးနှံထုတ်လုပ်မှုကို လက်ရှိအထွက်နှုန်းတန်ချိန် ၄၀ သန်းမှ ၄၁ သန်းမှ နောက်ထပ်တန်ချိန် ၂ သန်းမှ ၃ သန်းအထိ မြှင့်တင်သွားရန်နှင့် စားသုံးဆီအား ပြည်ပမှတင်သွင်းမှုအပေါ် မှီခိုအားထားမှုလျှော့ချရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၇ ရက်က ဖော်ပြသည်။

အဆိုပါစီမံချက်တွင် ကာလရှည်နှင့် ကာလတိုရည်မှန်းချက်များပါဝင်မည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၁၅-၁၆ ခုနှစ်က စားသုံးဆီကို ပြည်ပမှတင်သွင်းမှု ၆၃ ရာခိုင်နှုန်းအထိ စံချိန်တင်မြင့်မားခဲ့ပြီး၊ ၂၀၂၂-၂၃ စားသုံးဆီနှစ်(နိုဝင်ဘာလမှ အောက်တိုဘာလအထိ)တွင် ၅၆ ရာခိုင်နှုန်းခန့်အထိ လျှော့ချနိုင်ခဲ့ကြောင်း၊ အဓိကစိန်ခေါ်မှုအခက်အခဲမှာ စိုက်ပျိုးဧရိယာ ကန့်သတ်ချက်များရှိနေလင့်ကစား ပြည်တွင်းထုတ်လုပ်မှုကို တတ်နိုင်သမျှတိုးမြှင့်ပြီး ပြည်ပမှတင်သွင်းမှုကို မည်သို့ထပ်မံ၍ လျှော့ချသွားမည်ဆိုသည့်ကိစ္စရပ်ဖြစ်ပါကြောင်း တရားဝင်သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရအနေဖြင့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က တန်ချိန် ၁၂ ဒသမ ၆၉ သန်းသာရှိခဲ့သော ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုကို ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် စားအုန်းဆီကြမ်း(crude palm oil-CPO)တန်ချိန် ၁ ဒသမ ၁ သန်းအပါ အဝင် စုစုပေါင်းတန်ချိန် ၁၄ ဒသမ ၅ သန်းအထိ တိုးမြှင့်ထုတ်လုပ်သွားရန် လျာထားသတ်မှတ်ထားကြောင်း သိရသည်။

နိုင်ငံအနေဖြင့် ပြည်ပမှ ဆီထွက်သီးနှံတင်သွင်းမှုအပေါ် မှီခိုအားထားမှုလျှော့ချရန် ပြည်တွင်းဆီထွက်သီးနှံ ထုတ်လုပ်မှုကို မြှင့်တင်မည့် ကျိုးကြောင်းဆီလျော်ပြီး ပြည့်စုံသောအစီအစဉ်တစ်ရပ်အား အကောင်အထည်ဖော် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ၂၀၂၂-၂၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေဆိုင်ရာ (ဘတ်ဂျက်)အစည်းအဝေး တစ်ခုတွင် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။

အဆိုပါဘတ်ဂျက်အစည်းအဝေးတွင် အမျိုးသားစားနပ်ရိက္ခာဖူလုံရေးရည်မှန်းချက်(ဆီထွက်သီးနှံကဏ္ဍ)နှင့် အမျိုးသား စားသုံးဆီရည်မှန်းချက်(စားအုန်းဆီ)တို့အရ ဆီထွက်သီးနှံမျိုးစိတ်မျိုးကွဲအသစ်များ ဖော်ထုတ်ခြင်းစသည့် ပံ့ပိုးမှုများကို ဆောင်ရွက်ပြီးစီးသည်နှင့် ၎င်းအစီအစဉ်အား သိသိသာသာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေးဝန်ကြီးဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

သို့သော် ၂၀၂၄-၂၅ ခုနှစ် ကြားဖြတ်ဘတ်ဂျက်ကာလတွင် ၂၀၂၂ ခုနှစ်က စတင်ထုတ်ပြန်ခဲ့သော အဆိုပါကိစ္စအပေါ် မုန်ညင်း၊ နှမ်း၊ ပဲပိစပ်နှင့်နေကြာကဲ့သို့ ဆီထွက်သီးနှံများအတွက် ကိုယ့်အားကိုယ်ကိုးရေး (‘atmanirbharta’) ရည်မှန်းချက် အောင်မြင်အောင် မဟာဗျူဟာတစ်ရပ်ရေးဆွဲသွားမည်ဟု ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။ ၎င်းတွင် အထွက်နှုန်း မြင့်မားသော မျိုးစိတ်မျိုးကွဲများကို သုတေသနပြုခြင်း၊ ခေတ်သစ်စိုက်ပျိုးရေးနည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်း၊ ဈေးကွက်ချိတ်ဆက်ခြင်း၊ ဝယ်ယူခြင်း၊ တန်ဖိုးမြှင့်ခြင်းနှင့် သီးနှံအာမခံကိစ္စရပ် အားလုံးပါဝင်ကြောင်း သိရသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လက ဗဟိုအစိုးရက ကူညီထောက်ပံ့သော အစီအစဉ်တစ်ရပ်ဖြစ်သော စားအုန်းဆီဆိုင်ရာ အမျိုးသားစားသုံးဆီရည်မှန်းချက်(National Mission on Edible Oils–Oil Palm–NMEO-OP)အတွက် ရူပီး ၁၁၀,၄၀၀ သန်း သုံးစွဲရန်လျာထားသတ်မှတ်ခဲ့ပြီး နိုင်ငံ၏အရှေ့မြောက်ပိုင်းဒေသ၊ အက်ဒမန်နှင့် နီကိုဘားကျွန်းစုများတွင် အဓိကထားဆောင်ရွက်သွားမည်ဟု သိရသည်။ အဆိုပါအစီအစဉ်အရ ဆီအုန်းစိုက်ဧရိယာဟက်တာ ၆ ဒသမ ၅ သိန်းအထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပြီး၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် စုစုပေါင်းဆီအုန်းစိုက်ဧရိယာဟက်တာ ၁၀ သိန်းရှိလာရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၂၁-၂၀၂၂ ခုနှစ်က ပြည်ပမှစားအုန်းဆီတင်သွင်းမှု ရူပီး ၁၅၆၀ ဘီလီယံရှိခဲ့ရာမှ ၂၀၂၂-၂၃ စားသုံးဆီနှစ်တွင် ရူပီး ၁၃၈၀ ဘီလီယံသို့ ကျဆင်းခဲ့သည်။ ၂၀၂၀-၂၀၂၁ ခုနှစ်က စားသုံးဆီတင်သွင်းမှု ရူပီး ၁၁၇၀ ဘီလီယံရှိမည်ဟု ခန့်မှန်းကြောင်း သိရသည်။ လက်ရှိစားသုံးဆီနှစ်၏ ပထမ ၇ လတာကာလ(နိုဝင်ဘာလမှ မေလ)အတွင်း ပြည်ပမှ စားသုံးဆီတင်သွင်းမှု တန်ချိန် ၈ ဒသမ ၅၇ သန်းရှိကာ ယခင်နှစ်ကာလတူက ၉ ဒသမ ၀၆ သန်းရှိခဲ့သည့်အတွက် ၅ ဒသမ ၃၈ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့ကြောင်း Solvent Extractors’ Association of India(SEA) က ပြောကြားခဲ့သည်။

ရည်ညွှန်း။ The Hindu Businessline, Govt's 100 days programme may include launch of Edible Oil Mission, June 17, 2024

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

https://myantrade.gov.mm/

## STOCK EXCHANGE (2.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,478 (Shares) | 65,503,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 8,900 | 9,000 | 8,900 | 1,265 | 11,263,500 | 33,109,694 | 294,676 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,300 | 3,350 | 3,300 | 12,889 | 42,993,600 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | -200 | -2.38% | 8,300 | 8,300 | 8,200 | 153 | 1,264,900 | 10,400,986 | 85,288 |
| FPB | 00004 | 1,700 | -50 | -2.86% | 1,700 | 1,750 | 1,700 | 2,227 | 3,786,400 | 29,664,613 | 50,430 |
| TMH | 00005 | 2,750 | -100 | -3.51% | 2,850 | 2,850 | 2,750 | 323 | 891,150 | 12,823,224 | 35,264 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,850 | 395 | 744,550 | 19,977,223 | 37,957 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,700 | 4,700 | 4,700 | 59 | 277,300 | 10,497,598 | 49,339 |
| MAEX | 00008 | 3,750 | +350 | +10.29% | 3,450 | 3,750 | 3,450 | 1,167 | 4,282,450 | 23,804,946 | 89,269 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 2nd Jul. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.63 | -0.46 | -0.11% | 406.06 | 410.57 | 406.06 | 18,478 | 65,503,850 | 8 | 772,636 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 2nd Jul. 2024

| Trading Volume | Trading Value |
|---|---|
| 18,478 (Shares) | 65,503,850 (MMK) |

### Main Board

As of 1:00 pm, 2nd Jul. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,478 (Shares) | 65,503,850 (MMK) |

| MYANPIX | 409.63 ▼ 0.46 |
|---|---|
| Total Volume (shares) | 18,478 |
| Total Value (MMK) | 66 mil |
| Listed Company | 8 |
| Market Cap. (MMK) | 772,636 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,200 | ▼ 200 |
| FPB | 00004 | 1,700 | ▼ 50 |
| TMH | 00005 | 2,750 | ▼ 100 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |
| MAEX | 00008 | 3,750 | ▲ 350 |